## ၁၅။ အကြေးပိုး

**Seychelles Scales: *Icerya seychellarum* (Westwood, 1855)**

**Hemiptera: Monophlebidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





ခန္ဓာကိုယ်သည် အဖြူရောင် (သို့) အဝါဖျော့ရောင်ဖယောင်းလွှာဖြစ်ပြီး ခန္ဓာကိုယ်အစွန် အဖျားပိုင်းတွင် အပ်ချည်မျှင်ပုံသဏ္ဍာန်အမွေးအမျှင်များပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပင်ရည်စုပ်စားခံရသည့်အတွက် အရွက်များညှိုးကျခြင်းများနှင့် ကြီးထွားမှုရပ်တန့်သွားခြင်းများတွေ့ရသည်။ ပျားရည်စွန့်ထုတ်ပစ္စည်းကြောင့် ကြပ်ခိုးမှိုများဖြစ်ပေါ်ပြီး အစာချက်လုပ် ရာ တွင် အဟန့်အတားဖြစ်စေခြင်းနှင့် သီးနှံပင်ကိုအားနည်းစေသည့်အပြင် အသီးများပေါ်တွင် ကြပ်ခိုးမှုစွဲပါက အသီးအရည်အသွေးကိုပါ ပျက်ဆီးစေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | – နာရီအနည်းငယ် မှ (၂၄) နာရီ |
| အကောင်ကြီး အဆင့် | –(၆၀)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းများ**

(၁)ပိုးကျထားသောကိုင်း၊ပင်စည်၊အသီးများအားဖျက်ဆီးပါ။

(၂) ပုံမှန်ကိုင်းချိုင်ပါ။

(၃)ပေါင်းမြက်များရှင်းလင်းပါ။

(၄)အပင်အားရှိစေရန်မြေသြဇာပုံမှန်ကျွေးပါ။

(၅) စိုက်ခင်းပတ်ဝန်းကျင်ရှိ လိပ်ခုံးကျိုင်းကဲ့သို့သော သဘာဝမိတ်ဆွေပိုးများကို ကာကွယ်ထိန်း သိမ်းပါ။

(၆)ပုရွက်ဆိတ်များအားနှိမ်နင်းပါ။(ပုရွက်ဆိတ်များသည်မိတ်ဆွေပိုးများခါရောက်ခြင်းအားဟန့်တားသည်)

(၇)ဆပ်ပြာဖျော်ရည်ပက်ဖျန်းပါ။

(၈)အလွန်ဆိုးရွားစွာ ကျရောက်ပါထိသေစားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိသော ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအ တိုင်းပက်ဖျန်းပါ။ (သို့) mineral oil နှင့် ရောစပ်၍ ဖြစ်စေပက်ဖျန်းကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတတ်ထရာမက် (Spirotetramat)
- အဆီတာမီပရစ် (Acetamiprid)
- ကာဘာရိုင်း(Carbary)